အသုံးပြုနည်း လမ်းညွှန်

Shareရှင်း

အတူသုံး၊ အတူရှင်း။

အဖွဲ့လိုက်ကုန်ကျစရိတ်ကို အလွယ်တကူ ခွဲရှင်းပါ။ ဘယ်သူက ဘယ်သူ့ကို ဘယ်လောက်ပြန်ပေးရမလဲ အလိုအလျောက်တွက်ပေးပါတယ်။

၁ ဖန်တီး → ၂ Link ပို့ → ၃ Join → ၄ စရိတ်ထည့် → ၅ ငွေရှင်း → ၆ ပိတ်သိမ်း

နမူနာ — မီမီ၊ ကျော်ကျော်၊ မော်မော် ၃ ယောက် ပုဂံခရီး

shareshinn.com

1 အဖွဲ့ဖန်တီးမယ်



① အဖွဲ့ / ခရီးစဉ်အမည် ရိုက်ပါ (ဥပမာ - ပုဂံခရီး)

② သင့်နာမည် ထည့်ပါ — Login မလိုပါ

③ «အဖွဲ့ဖန်တီးမယ်» နှိပ်ပါ

> ရက်စွဲ မရွေးရပါ — စရိတ် ထည့်တဲ့အခါမှ ရွေးပါမယ်။

2 Link ပို့မယ်




① Copy နှိပ်ပြီး Group chat ထဲ Paste လုပ်နိုင်

② Messenger နဲ့ တိုက်ရိုက်ပို့

③ Viber နဲ့ တိုက်ရိုက်ပို့

> နောက်မှ ထပ်ပို့ချင်ရင် အပေါ်ညာဘက် «Invite» ကို နှိပ်ပါ။

3 သူငယ်ချင်း Join ဝင်မယ်



① Link ဖွင့်ပြီး ကိုယ့်နာမည်ကို ရိုက်ပါ

② «ဝင်မယ်» နှိပ်ပါ

ဒီဖုန်းက သင့်ကို မှတ်ထားမှာပါ။ ကိုယ့်နာမည်ကိုသာ သုံးပါ။

4 စရိတ်ထည့်မယ်



အောက်ခြေ + ခလုတ်ကို နှိပ်ပါ

① ပမာဏ (ကော်မာ အလိုလိုပါ)

② ရက်စွဲ — ပုံသေ «ဒီနေ့»

③ ခေါင်းစဉ် ④ ငွေစိုက်သူ

5 ညီတူခွဲပြီး သိမ်းမယ်




① «ညီတူခွဲ» ရွေးပါ

② ခွဲမည့်သူများကို ရွေးပါ

③ «စရိတ်မှတ်ထားရန်» နှိပ်ပြီး သိမ်းပါ

45,000 ÷ ၃ ယောက် = တစ်ယောက် 15,000 MMK

6 မတူညီတဲ့ ပမာဏ ခွဲမယ်



① «ပမာဏ သတ်မှတ်» ရွေးပါ

② တစ်ယောက်ချင်းစီ ပမာဏ ထည့်ပါ

30,000 = 15,000 + 10,000 + 5,000
ပေါင်းလဒ် ကိုက်မှ သိမ်းလို့ရပါမယ်။

7 ဘယ်သူ ဘယ်လောက်ပေးရမလဲ



«Balances» tab ကို နှိပ်ပါ

① လက်ကျန် — အစိမ်း = ပြန်ရမည်၊ အနီ = ပေးရမည်

② ငွေရှင်းရန် — အလိုအလျောက် တွက်ထားပြီး

8 ငွေပေးပြီး မှတ်တမ်းတင်မယ်



ငွေပေးရမည့်သူက «ပေးမည်» နှိပ်ပါ

① Mobile Banking သို့မဟုတ် ငွေသား ရွေးပါ

② Mobile Banking ဆိုရင် ငွေလွှဲပြေစာ ပုံတင်ပါ

③ «ပေးပြီး» နှိပ်ပါ

> App က ငွေမလွှဲပေးပါ။ ဘဏ် app (KBZPay, WavePay…) မှာ လွှဲပြီး slip ကိုသာ တင်ပါ။

9 ငွေရသူက အတည်ပြုမယ်



«အတည်ပြုရန် စောင့်ဆိုင်းဆဲ» မှာ ပေါ်လာပါမယ်

① ငွေရရှိရင် «လက်ခံရရှိ» နှိပ်ပါ

မရရှိရင် «မရရှိပါ» နှိပ်နိုင်

> ငွေရသူ အတည်ပြုမှသာ စာရင်းထဲမှာ ရှင်းပြီးလို့ ပြပါမယ်။

10 ရှင်းပြီး ✓



① မိမိ — «စာရင်းရှင်းရန် မရှိပါ ✓»

ကျန်တဲ့သူတွေ ပေးပြီးရင် လူတိုင်း 0 ဖြစ်သွားပါမယ်

11 စာရင်းရှင်းတမ်းနဲ့ ပိတ်သိမ်းခြင်း



«Summary» နှိပ်ပြီး ရှင်းတမ်း ကြည့်ပါ

① Copy — Messenger / Viber ထဲ Paste ပို့ပါ

② စာရင်းပိတ်သိမ်းမည် — ဖန်တီးသူသာ နှိပ်နိုင်

> ပိတ်ပြီးရင် စရိတ်ထည့်/ပြင်၊ ငွေပေး၊ Join ဝင် မရတော့ပါ။ ရှင်းတမ်း ကြည့်/Copy ဆဲရပါတယ်။ ဖန်တီးသူက «စာရင်း ပြန်ဖွင့်မည်» နဲ့ ပြန်ဖွင့်နိုင်ပါတယ်။

? သိထားသင့်တာများ

ဝင်ရောက်ခွင့်
Link ရသူတိုင်း ကြည့်နိုင်၊ စရိတ်ထည့်/ပြင်နိုင်ပါတယ်။ ယုံကြည်ရသူများထံသာ ပို့ပါ။

စာရင်းပိတ်ခြင်း
ဖန်တီးသူသာ ပိတ်/ပြန်ဖွင့်နိုင်ပါတယ်။ ပိတ်ထားစဉ် ရှင်းတမ်း ကြည့်ရုံသာ ရပါတယ်။

Link ပြန်ရှာခြင်း
ပင်မစာမျက်နှာ «သင့်စာရင်းများ» ထဲမှာ ဒီဖုန်းနဲ့ ဝင်ခဲ့တဲ့ စာရင်းတွေ ရှိပါတယ်။ ဖုန်းပြောင်းရင် Group chat ထဲက Link ကို ပြန်ဖွင့်ပါ။

ငွေလွှဲခြင်း
Shareရှင်း က ငွေမလွှဲပေးပါ — မှတ်တမ်းတင်ခြင်းသာ ဖြစ်ပါတယ်။